JUSTICE FOR MYANMAR

# သတင်းထုတ်ပြန်ချက်

**၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃၀ ရက် | မြန်မာ**

# အစီရင်ခံစာအသစ်က ဖော်ထုတ်လိုက်သည့် တရားမဝင်စစ်အုပ်စု လက်အောက်ခံ မြန်မာ့သတ္တုတူးဖော်ရေးကဏ္ဍတွင်းက ဩစတြေးလျနိုင်ငံသားပိုင်နှင့် ဦးဆောင်ကုမ္ပဏီများအကြောင်း

ဩစတြေးလျကုမ္ပဏီများ၊ ဦးဆောင်အရာရှိများနှင့် ရင်းနှီးမြှုပ်နှံသူများသည် မြန်မာစစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော တရားမဝင် အာဏာသိမ်းကြိုးပမ်းမှု စတင်ခဲ့ပြီး ၃ နှစ်ပြည့်သည့်အချိန်အထိ စစ်အုပ်စုက လွှမ်းမိုးချုပ်ကိုင်ထားသော သတ္တုတူးဖော်ရေးကဏ္ဍတွင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

Justice For Myanmar ၏ အစီရင်ခံစာအသစ် "လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် သတ္တုမိုင်းများ" တွင် စစ်အုပ်စုအား အခွန်ငွေများပေးအပ်နေသော သို့မဟုတ် စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်မှုများအား ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူဖြစ်စေသည့် ပြုပြင်ထိန်းသိမ်းရေးကဏ္ဍကို ကူညီထောက်ပံ့နေသော သတ္တုတူးဖော်ထုတ်ယူရေး၊ ရှာဖွေရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ကိုင်နေသည့် ဩစတြေးလျနိုင်ငံသားပိုင်နှင့် ဦးဆောင်ကုမ္ပဏီများ အကြောင်းကို ထုတ်ဖော်ထားသည်။

ကုမ္ပဏီများသည် တရားမဝင်စစ်အုပ်စုကို မြန်မာနိုင်ငံ၏ အစိုးရသဖွယ်လက်ခံ၍ မှားယွင်းစွာ ဆက်ဆံပတ်သက်နေကြသည်။ စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ တရားဝင်အစိုးရမဟုတ်သလို မြန်မာပြည်သူများ၏ မြဲမြဲပြောင်မြောက်လှသည့် တခဲနက်ခုခံတော်လှန်မှုတို့ကြောင့် စစ်အုပ်စုအနေဖြင့် မြန်မာနိုင်ငံ၏ နယ်မြေများအား ထိရောက်စွာ ထိန်းချုပ်နိုင်စွမ်းလည်း မရှိတော့ပေ။

စစ်အုပ်စုသည် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိလေကြောင်းတိုက်ခိုက်မှုများနှင့် ဗုံးကြဲတိုက်ခိုက်မှုများ လုပ်ဆောင်ပြီး၊ လူပေါင်း ၄,၄၀၀ ကျော်အား သတ်ဖြတ်ခြင်း၊ မုဒိန်းမှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများကျူးလွန်ခြင်း၊ လူပေါင်း ၂၅,၈၀၀ ကျော်အား တရားဥပဒေမဲ့ ဖမ်းဆီးခြင်း၊ ရပ်ရွာတစ်ခုလုံးအား မီးရှို့ဖျက်ဆီးခြင်းနှင့် လူပေါင်း ၂.၃ သန်းကျော်အား အခြေအနေပျက် နေရပ်စွန့်ခွာစေခြင်းတို့ဖြင့် အကြမ်းဖက်စစ်ဆင်ရေးတစ်ရပ် ဆင်နွှဲကာ တုန့်ပြန်ခဲ့သည်။

မြန်မာ့သတ္တုကဏ္ဍတွင် ဩစတြေးလျနိုင်ငံသားများ ဆက်လက်ပါဝင်နေမှုသည် စစ်အုပ်စု၏ ဘဏ္ဍာငွေရင်းမြစ်များအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် ဩစတြေးလျနိုင်ငံ၏ ပျက်ကွက်ခြင်း၊ မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် ဩစတြေးလျနိုင်ငံ၏ မျှော်မှန်းချက်များအပေါ် လမ်းညွှန်မှု ကင်းမဲ့နေခြင်းများ၏ ရလာဒ်ပင် ဖြစ်သည်။

ယခုအစီရင်ခံစာတွင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံတွင် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေသည့် ကုမ္ပဏီကွန်ရက် ၁၀ ခုကို မှတ်တမ်းပြုစုထားပြီး၊ လက်ရှိအချိန်တွင် သတ္တုတူးဖော်ရေးကဏ္ဍ၌ လုပ်ဆောင်ခြင်း မရှိတော့သော်လည်း မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားဆဲဖြစ်သော စစ်အုပ်စုအောက်တွင် လုပ်ငန်းများ ပြန်လည်လည်ပတ်လုပ်ကိုင်မည်ကို စောင့်ကြည့်ရန် လိုအပ်သည့် ကုမ္ပဏီကွန်ရက် ၆ ခုကိုလည်း အလေးပေးဖော်ပြထားသည်။ ယင်းကုမ္ပဏီများတွင် -

**Valentis** – စစ်အုပ်စုနှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် ညီအစ်ကိုများက တည်ထောင်ထားခြင်းဖြစ်ပြီး၊ ဩစတြေးလျ ရင်းနှီးမြှုပ်နှံသူများ ကျောထောက်နောက်ခံပြု ကုမ္ပဏီပေါင်းများစွာ ပါဝင်ကာ ရှုပ်ထွေးသည့် စီးပွားရေးကွန်ရက်တစ်ခု ဖြစ်သည်။ Valentis ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သော Justice For Myanmar ၏ စုံစမ်းလေ့လာမှုအတွင်း အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း MEC ကျောက်မီးသွေးစီမံကိန်းသို့ ပေါ်ပေါ်ထင်ထင် သွားရောက်လေ့လာမှု၊ မြန်မာစစ်လက်နက်ပွဲစားတစ်ဦးနှင့် စစ်အုပ်စုလက်အောက်ရှိ ပြည်သူ့စစ်အဖွဲ့နှင့် ဆက်နွယ်သည့် စီးပွားရေးလုပ်ငန်းအတွက် ဝန်ဆောင်မှုများ ပေးအပ်ခြင်းတို့ကို ဖော်ထုတ်နိုင်ခဲ့သည်။

**Cornerstone Resources** – ထင်ရှားသည့် ဩစတြေးလျသတ္တုရှာဖွေသူ Mark Creasy ပိုင်ဆိုင်သည်ဟု ယူဆရပြီး၊ ဩစတြေးလျလိပ်စာပါရှိသည့် အဆိုပါကုမ္ပဏီသည် စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှု နောက်ပိုင်း ရှမ်းပြည်နယ်အတွင်း သတ္တုတူးဖော်မှုနှင့် သွပ်သန့်စင်မှုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ Justice For Myanmar သည် ၎င်းကုမ္ပဏီနှင့် စစ်တပ်စီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း တို့အကြား ငွေကြေးလွှဲပြောင်းပေးအပ်မှုများကို ဖော်ထုတ်နိုင်ခဲ့ပြီး၊ အဆိုပါငွေကြေးလွှဲပြောင်း ပေးအပ်ချိန်တွင် ကုမ္ပဏီအနေဖြင့် British Virgin Islands တွင် မှတ်ပုံတင်ထားခဲ့မှုကြောင့် ယူကေနိုင်ငံ၏ ဒဏ်ခတ်ပိတ်ဆို့မှု များကို ချိုးဖောက်ရာ ရောက်နိုင်သည်။

**Knight Piésold** - နိုင်ငံတကာ အတိုင်ပင်ခံကုမ္ပဏီ၏ ဩစတြေးလျလုပ်ငန်းခွဲသည် မြန်မာစစ်တပ် စီးပွားရေးလုပ်ငန်းစုကြီး မြန်မာ့စီးပွားရေးဦးပိုင်လိမိတက်နှင့် မိတ်ဖက်ဆောင်ရွက်သည့် ကြေးနီစီမံကိန်းအတွက် တရုတ်ပိုင် ဝမ်ပေါင်သတ္တုတူးဖော်ရေးကုမ္ပဏီကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ ပေးအပ်လျက်

ရှိသည်။ ဝန်ဆောင်မှုများကို အနီးကပ်ဆုံး ၂၀၂၃ ခုနှစ်အထိ ပေးအပ်ထားသော Knight Piésold အနေဖြင့် ဦးပိုင်ကုမ္ပဏီအပေါ် ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်ခြင်းမှ ရှောင်ရှားနိုင်ရန် စာချုပ်ပါ လိုက်နာရမည့်တာဝန်များကို Australian Autonomous Sanctions Act 2011 ပါ တင်ကြိုကနဦးစီစစ်မှု ခြွင်းချက်များနှင့်အညီ လုပ်ဆောင်ခဲ့ခြင်း ရှိမရှိမှာ မသေချာပေ။

**PanAust** – ဩစတြေးလျအခြေစိုက် သတ္တုတူးဖော်ရေးကုမ္ပဏီသည် စစ်အုပ်စု၏ အကြမ်းဖက်စစ်ဆင်ရေး အတွင်း အကြီးအကျယ် ဖျက်ဆီးခံခဲ့ရသည့် စစ်ကိုင်းတိုင်းအတွင်း အကြီးစား ဓာတ်သတ္တုရှာဖွေစမ်းသပ် တိုင်းတာရေးလိုင်စင်ကို ဆက်လက်ရယူထားခဲ့သည်။ ကုမ္ပဏီအနေဖြင့် စစ်အုပ်စုထံ အခကြေးငွေများ ပေးဆောင်ခြင်းဖြင့် ၎င်းတို့၏ ရက်စက်ကြမ်းကြုတ်မှုများအတွက် ဘဏ္ဍာငွေအထောက်အပံ့ ဖြစ်စေခဲ့သည်။

**Asia Pacific Mining Limited** - ဩစတြေးလျနိုင်ငံသား ဦးဆောင်အရာရှိများ ပါဝင်သည့် အဆိုပါကုမ္ပဏီ သည် စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှုကို အခွင့်ကောင်းယူ၍ ၎င်းတို့၏ ဓာတ်သတ္တုရှာဖွေ စမ်းသပ် တိုင်းတာရေးလုပ်ငန်းများ ဆက်လက်တိုးချဲ့ လုပ်ဆောင်နိုင်ရန် စစ်အုပ်စုအကြီးတန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ ပြောဆိုမှုများ လုပ်ဆောင်ထားသည်။

**Access Resources Asia** - ဩစတြေးလျနိုင်ငံသား ဦးဆောင်သည့် အဆိုပါကုမ္ပဏီသည် အာဏာသိမ်း ကြိုးပမ်းမှုနောက်ပိုင်းနှင့် ပြည်တွင်းခုခံတော်လှန်မှုများ ရှိနေသည့်အတွင်းတွင်ပင် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရွှေ ရှာဖွေရေးလုပ်ငန်းများကို ဆက်လက် အားထည့်လုပ်ဆောင်ခဲ့သည်။

**Australian Laboratory Services (ALS**) - ဩစတြေးလျ စတော့အိတ်ချိန်းစာရင်းဝင် အဆိုပါကုမ္ပဏီသည် စစ်အုပ်စု၏ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း မြန်မာနိုင်ငံရှိ ၎င်း၏ စီးပွားရေးလုပ်ငန်းအား ဆက်လက် လုပ်ကိုင်ခဲ့ပြီး၊ Access Resources Asia နှင့် စစ်အုပ်စုထိန်းချုပ်ထားသည့် တက္ကသိုလ်များအတွက် ဓာတ်သတ္တု စမ်းသပ်မှုများကို လုပ်ဆောင်ပေးခဲ့သည်။

Justice For Myanmar အနေဖြင့် ဩစတြေးလျနိုင်ငံအား စစ်အုပ်စုထိန်းချုပ်ထားသည့် သတ္တုတွင်း လုပ်ငန်းများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချက်ချင်းချမှတ်ရန်၊ မဟာမိတ်နိုင်ငံများနှင့် ညှိနှိုင်းဆောင်ရွက်၍ စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်နှင့် လေယာဉ်ဆီရင်းမြစ်များအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို တိုးချဲ့ချမှတ် ရန်နှင့် ဒဏ်ခတ်ပိတ်ဆို့မှုများအား ချိုးဖောက်သည့် လုပ်ရပ်များကို စုံစမ်းစစ်ဆေးပြီး၊ အပြစ်တွေ့ရှိပါက ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များအပေါ် ပြစ်ဒဏ်ချမှတ်ခြင်း သို့မဟုတ် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရန် တောင်းဆိုသည်။

Justice For Myanmar အနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီများအား အမျိုးသားညီညွတ်ရေးအစိုးရ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ သက်ဆိုင်ရာပြည်နယ်ကောင်စီများ၊ သက်ဆိုင်ရာ လူမျိုးစုတော်လှန်ရေးအဖွဲ့များ အပါအဝင် တရားဝင်ဖက်ဒရယ်အဖွဲ့အစည်းများ၏ ဥပဒေများ၊ မူဝါဒများ၊ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန်နှင့် နိုင်ငံစုံစီးပွားရေး လုပ်ငန်းကြီးများအတွက် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆိုင်ရာ OECD လမ်းညွှန်ချက်များ၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် OECD၏ တင်ကြိုကနဦးဆန်းစစ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ ပဋိပက္ခဖြစ်ပွားသက်ရောက်ရာဒေသများနှင့် အန္တရာယ်မြင့်မားသည့်ဒေသများမှ ဓာတ်သတ္တုလုပ်ငန်းများတွင် တာဝန်ယူမှုရှိသော ထောက်ပံ့ကွင်းဆက်ဆိုင်ရာ OECD ၏ တင်ကြိုကနဦးဆန်းစစ်မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန် အခြေခံမူများနှင့်အညီ မိမိတို့၏ တာဝန်များကို ဖြည့်ဆည်းလုပ်ဆောင်ရန် တောင်းဆိုသည်။

တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် လုပ်ငန်းများ ဆက်လက်လုပ်ဆောင်မှုများဆိုင်ရာ NUG ၏ ထောက်တိုင် ၃ ခုပါ လမ်းညွှန်မူဘောင်အရ ကုမ္ပဏီများသည် စစ်အုပ်စုနှင့် စီပွားရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းအားလုံးမှ ရှောင်ကျဉ်ရေးနှင့် ပေါ်ပေါက်လာမည့် မြန်မာနိုင်ငံ၏ ဥပဒေနှင့်ညီသော တရားဝင်အစိုးရအတွက် ကြားခံတတိယဘဏ်အကောင့်တစ်ခုသို့ ဘဏ္ဍာငွေများ ပေးအပ်ထားခြင်းဖြင့် နိုင်ငံတော်နှင့် ချုပ်ဆိုထားသည့် စာချုပ်ပါတာဝန်များကို ကျေပွန်ရေး ဆောင်ရွက်သင့်သည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "စစ်အုပ်စုရဲ့ တရားမဝင်အာဏာသိမ်းကြိုးပမ်းမှု ၃ နှစ် ပြည့်ပြီးတဲ့အချိန်အထိ ဩစတြေးလျနိုင်ငံအနေနဲ့ သတ္တုနဲ့ အခြားအမြတ်အစွန်းများတဲ့ ကဏ္ဍတွေမှာရှိတဲ့ စစ်အုပ်စုရဲ့ ဘဏ္ဍာငွေရင်းမြစ်တွေကို ပိတ်ဆို့ရေး လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ပျက်ကွက်နေတာက လက်ခံနိုင်ဖွယ် မရှိပါဘူး။

မြန်မာစစ်အုပ်စုဟာ သူတို့ရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို ငွေကြေးထောက်ပံ့ဖို့နဲ့ စစ်ရာဇဝတ်ကောင်တွေ ကြွယ်ဝချမ်းသာဖို့အတွက် မြန်မာပြည်သူတွေရဲ့ဓနဥစ္စာတွေကို အလုံးအရင်းနဲ့ ခိုးယူနေတဲ့ စစ်ရာဇဝတ်ဂိုဏ်းကို လည်ပတ်လုပ်ကိုင်နေတာ ဖြစ်ပါတယ်။

အခုအချိန်အထိ လုပ်ငန်းတွေကို ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်နေပြီး တရားမဝင်စစ်အုပ်စုကို ငွေကြေးထောက်ပံ့နေတဲ့၊ အကျင့်ပျက်ခြစားမှုတွေနဲ့ အပျက်သဘောဆောင်နေပြီဖြစ်တဲ့ သတ္တုတူးဖော်ရေးကဏ္ဍမှာ

စီးပွားရေးလုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နိုင်ဖို့ အားပေးကူညီနေတဲ့ သြစတြေးလျ နိုင်ငံသားပိုင် ကုမ္ပဏီတွေ၊ ဦးဆောင်အရာရှိတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ သတ္တုတူးဖော်ရေးကဏ္ဍမှာ ရှိနေဆဲပါပဲ။

သြစတြေးလျနိုင်ငံအနေနဲ့ စစ်အုပ်စု၊ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ခရိုနီတွေအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချက်ချင်းချမှတ်ဖို့ လိုအပ်သလို၊ သြစတြေးလျနိုင်ငံသားတွေအနေနဲ့လည်း စစ်အုပ်စုကို ငွေကြေးနဲ့ အခြားပံ့ပိုးမှု ပုံစံတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ပြီးဖြစ်စေ ပေးအပ်နေတာတွေကို ရပ်တန့်မှုတွေလုပ်ဆောင်ဖို့ လိုအပ်ပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ သြစတြေးလျနိုင်ငံသားပိုင်နဲ့ ဦးဆောင်စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အမျိုးသား ညီညွတ်ရေးအစိုးရ၊ အမျိုးသားညီညွတ်ရေး အတိုင်ပင်ခံကောင်စီ၊ သက်ဆိုင်ရာ ပြည်နယ်ကောင်စီများနဲ့ သက်ဆိုင်ရာ လူမျိုးစုတော်လှန်ရေးအဖွဲ့အစည်းများ အပါအဝင် တရားဝင်ဖက်ဒရယ်အဖွဲ့အစည်းတွေရဲ့ ဥပဒေများ၊ မူဝါဒများနှင့် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်သင့်ပြီး၊ ၎င်းတို့ရဲ့ နိုင်ငံတကာ လူ့အခွင့်အရေးတာဝန်တွေကိုလည်း ကျေပွန်အောင် လုပ်ဆောင်သင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

“လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် သတ္တုမိုင်းများ” အကြောင်းကို ဤနေရာတွင် ဖတ်ရှုပါ။

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ် ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/